
# မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

## e-Newsletter

Vol.2 No.8 August


## အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ်၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပါဝင်တက်ရောက်ခြင်း




ဇူလိုင်လ ၂၀ ရက်

အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF) ၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ဖိုရမ်၏ အလှည့်ကျ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ထိုင်းနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ၁၉-၇-၂၀၂၃ ရက်နေ့မှ ၂၀-၇-၂၀၂၃ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ Hybrid format ဖြင့် ကျင်းပခဲ့သည်။

အစည်းအဝေးသို့ ဖိုရမ်အဖွဲ့ဝင်များ ဖြစ်ကြသည့် မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်များမှ ကိုယ်စားလှယ်များက In-person တက်ရောက်ခဲ့ကြပြီး အင်ဒိုနီးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွှန်း၊ ကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးပေါ်လွင်စိန်၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာတင်မောင်မောင်သန်း၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတကာဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက video conferencing စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ၂၀၂၃ ခုနှစ်၊ မတ်လက ကျင်းပခဲ့သော ဖိုရမ်၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေး မှတ်တမ်းအတည်ပြုခြင်း၊ ပထမအကြိမ် လုပ်ငန်း အဖွဲ့အစည်းအဝေးနောက်ပိုင်း ကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်း များ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ၊ အရှေ့တောင်အာရှအမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေး ကိစ္စရပ် (၅) ရပ် အကောင်အထည် ဖော်ခြင်းနှင့်စပ်လျဉ်း၍ ဦးစားပေးကိစ္စရပ် တစ်ခုစီအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် အဓိကတာဝန်ယူထားသော ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ အကောင် အထည် ဖော်ဆောင်ရွက်မှု အခြေအနေများ၊ အာဆီယံအစိုးရချင်း ဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် (AICHR) နှင့် SEANF တို့ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် "ASEAN Dialogue in Realizing Southeast Asia as a Torture-Free Region" ကျင်းပနိုင်ရေး ကိစ္စရပ်များ၊ ၂၀၂၄ ခုနှစ်တွင် အာဆီယံဒေသတွင်း စီးပွားရေးနှင့် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် AICHR-SEANF ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနိုင်ရေး ကိစ္စရပ်များ၊ ASEAN Environmental Rights Framework ရေးဆွဲနိုင်ရေး ကိစ္စရပ်များ၊ World Justice Project (WJP) နှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ SEANF ၏ အကြိမ် (၂၀) မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး ကျင်းပနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

လုပ်ငန်းအဖွဲ့ အစည်းအဝေး၌ ၂၀၂၃ ခုနှစ်၊ မတ်လက ကျင်းပခဲ့သော ဖိုရမ်၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးနောက်ပိုင်းကာလအတွင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး တို့နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများကို ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ သန်းမြင့်က ဆွေးနွေးခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ဦးဆောင် အဖွဲ့အစည်းအဖြစ် တာဝန်ယူထားသော SEANF ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ် အမှတ် (၂) ဖြစ်သည့် "စီးပွားရေးလုပ်ငန်းများတွင် လူ့အခွင့်အရေး မြှင့်တင်ရန်နှင့် ကာကွယ်ရန်" ကိစ္စရပ်နှင့် စပ်လျဉ်း၍ ကော်မရှင်၏ အကောင်ထည်ဖော်ဆောင်ရွက်နေမှုများကို ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ဆွေးနွေးခဲ့သည်။

ဖိုရမ်၏ အကြိမ် (၂၀) မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပသွားရန် လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် ကနဦး သဘောတူညီမှု ရရှိခဲ့သည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် လူ့အခွင့်အရေး အသိပညာပေး သင်တန်းဖွင့်လှစ်ခြင်း



ဇူလိုင်လ ၁၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ အရာထမ်း၊ အမှုထမ်းများအတွက် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း အသိပညာပေး သင်တန်းအမှတ်စဉ် (၁/၂၀၂၃) ဖွင့်လှစ်ခြင်း အခမ်းအနားကို ၁၀-၇-၂၀၂၃ ရက်နေ့၊ နံနက် ၁၀:၀၀နာရီ အချိန်တွင် ကော်မရှင်ရုံး Conference Room ၌ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းတက်ရောက်ကြမည့် ကော်မရှင်ရုံး အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့

ကြပါသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်က အဖွင့်အမှာစကားပြောကြားရာ၌ “ကော်မရှင်အနေဖြင့် ယခုနှစ် ၂၀၂၃ ခုနှစ်သည် (၇၅) နှစ်ပြည့်မြောက်သည့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (75th Universal Declaration of Human Rights) စိန်ရတုအခါသမယဖြစ်သည့်အတွက် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် ယင်းကြေညာစာတမ်းပါ အခွင့်အရေးများ၊ လူ့အခွင့်အရေး အသိပညာပေး လုပ်ငန်းများကို သာမန်ထက်ပိုပြီး အလေးပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ၁၉၄၈ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂက အတည်ပြုပြီး ယခုနောက်ပိုင်းမှာ လူ့အခွင့်အရေး အကြောင်းအရာ၊ အမျိုးအစား၊ ကဏ္ဍနယ်ပယ်အလိုက် “အပြည်ပြည်ဆိုင်ရာညီလာခံ သဘောတူစာချုပ်” (International Conventions) များ အသီးသီးထပ်ဆင့်ချုပ်ဆိုလာကြတာကို တွေ့ရမည်ဖြစ်ကြောင်း၊ သတင်းအချက်အလက် နည်းပညာထွန်းကားလာသည့်ခေတ်တွင် ခေတ်ကာလနှင့်အညီ တိုးတက်ဖော်ဆောင်လာသည့် “အခွင့်အရေး” အမျိုးအစားများလည်း ပိုမိုစုံလင် လာပြီး ပိုမိုကျယ်လောင်စွာ ပေါ်ထွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့ကော်မရှင် ဝန်ထမ်းများအနေဖြင့် ခေတ်နှင့်အညီ လူ့အခွင့်အရေး အတွေးအခေါ်၊ အယူအဆများ၊ အကြောင်းခြင်းရာများ၊ စိန်ခေါ်မှုများကို အမြဲစောင့်ကြည့်လေ့လာပြီး အမီလိုက်နိုင်ကြဖို့ လိုအပ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

အဆိုပါ သင်တန်းအား ကော်မရှင်ရုံးခွဲများမှ ဝန်ထမ်းများအပါအဝင် သင်တန်းသားဦးရေ (၃၅) ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်ခဲ့ကြောင်းနှင့် သင်တန်းပို့ချမှုအား Online, Face to Face စနစ် (၂) မျိုးဖြင့် Hybrid Format ကို အသုံးပြုပြီး လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်များ သင်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ လူ့အခွင့်အရေး အသိပညာပေး သင်တန်းများ ထပ်မံဖွင့်လှစ် ဆောင်ရွက်ရန်ရှိကြောင်း သိရသည်။



---

## ကော်မရှင်ပုံမှန်အစည်းအဝေးနှင့် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများကျင်းပခြင်း



ဇူလိုင်လ ၂၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃) ကို ၂၁-၇-၂၀၂၃ ရက်နေ့တွင် Conference Room ၌ ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ၊ ညွှန်ကြားရေးမှူးများက တင်ပြ ဆွေးနွေးခဲ့ကြပါသည်။

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၃) ကို ၅-၇-၂၀၂၃ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေးကော်မတီက တာဝန်ပေးအပ်သည့် အလှည့်ကျ ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးရှိ အမှုထမ်းငယ်များအား ၂၀၂၃-၂၀၂၄ ခု ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်သည့် အခမ်းအနား ကျင်းပခြင်း



ဇူလိုင်လ ၆ ရက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးရှိ အမှုထမ်းငယ်များအား ၂၀၂၃-၂၀၂၄ ခု ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်သည့် အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၆ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီအချိန်တွင် ကော်မရှင်ရုံးရှိ Conference Room ၌ ကျင်းပခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနတာဝန်ခံများ၊ အမှုထမ်းများအားလုံး တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကော်မရှင်ဒုတိယ ဥက္ကဋ္ဌက မုဒိတာစကားပြောကြားခဲ့ပါသည်။ ထို့နောက် စီမံရေးရာနှင့်ဘဏ္ဍာရေးဌာနရှိ ဝန်ထမ်းများအတွက် ပညာသင်ထောက်ပံ့ကြေးကို ကော်မရှင်ဥက္ကဋ္ဌမှလည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေးဌာန၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာန၊ e-Government ဌာန၊ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ပညာပေးရေးဌာနနှင့် ဥပဒေရေးရာဌာနရှိ အမှုထမ်းငယ်များအတွက် ကော်မရှင် အဖွဲ့ဝင်များက ပညာသင်ထောက်ပံ့ကြေး အသီးသီးပေးအပ်ခဲ့ရာ ဌာနအလိုက် အမှုထမ်းငယ်များကိုယ်စား ဌာနတာဝန်ခံများမှ လက်ခံရယူခဲ့ကြပါသည်။

ထို့နောက် အမှုထမ်းငယ်များကိုယ်စား အမှုထမ်းတစ်ဦးက ပညာသင်ထောက်ပံ့ကြေး ပေးအပ်မှုနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

---

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနအား ကြည့်ရှုစစ်ဆေးခြင်း

ဇူလိုင်လ ၁၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာမြင့်သူမြိုင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၂-၇-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်းရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနအတွင်း လက်ခံစောင့် ရှောက်သင်ကြားပေးလျက်ရှိသောသင်တန်းသူများအား ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ အစားအစာကျွေးမွေးမှုအခြေအနေ၊ အိပ်ဆောင်များထားရှိမှုအခြေအနေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိမှု အခြေအနေ၊ သန့်ရှင်းသောသောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် ပညာသင်ကြားခွင့်၊ မိသားစုနှင့်ဆက်သွယ်ခွင့်၊ မိသားစုနှင့်ပြန်လည်ပေါင်းစည်းခွင့်၊ အသက်မွေး ဝမ်းကျောင်းပညာသင်ကြားခွင့်၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့် စသည့် အခြေခံ လူ့အခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။





ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနအား ကြည့်ရှုစစ်ဆေးရေးခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလိုဆောင်ရွက် ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ပေးပို့သွားမည် ဖြစ်ပါသည်။

## အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန (တွံတေး) အား ကြည့်ရှုစစ်ဆေးခြင်း



ဇူလိုင်လ ၁၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်နှင့် ဦးတင်အောင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၈–၇–၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်ရှိ အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည်အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနအတွင်း လက်ခံစောင့်ရှောက် သင်ကြားပေးလျက်ရှိသော အမျိုးသမီးများအား ကျန်းမာရေး စောင့်ရှောက်မှုအခြေအနေ၊ အစားအစာကျွေးမွေးမှုအခြေအနေ၊ အိပ်ဆောင်များထားရှိမှု အခြေအနေ၊ အမျိုးသမီးတကိုယ်ရည်သုံးပစ္စည်းများ လုံလောက်စွာ ရရှိမှု အခြေအနေ၊ သန့်ရှင်းသော သောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးမှုအခြေအနေ၊ ချိုးရေကန်များ သန့်ရှင်းမှုနှင့် ရေလုံလောက်မှု ရှိ၊ မရှိ၊ အကျင့်စာရိတ္တပြုပြင်ပေးခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်လာစေရေး၊ လူမှုဘဝရပ်တည်နိုင်စေရန် စိတ်ဓာတ်ခွန်အားများ ထည့်သွင်းပေါင်းစပ်၍ လေ့ကျင့်ပြုစုစောင့်ရှောက်ပေးခြင်းဖြင့် လူ့အသိုင်းအဝိုင်းအတွင်း တန်ဖိုးရှိသော အမျိုးသမီးကလေးများအဖြစ် ရပ်တည်



နေထိုင် သွားနိုင်စေရေးနှင့် ပညာသင်ကြားခွင့်၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်း ခွင့်၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်စသည့် အခြေခံ လူ့အခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

## ၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်ခြင်း

ဇူလိုင်လ ၃ ရက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၃–၇–၂၀၂၃ ရက်နေ့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၊ နေပြည်တော်၌ ကျင်းပပြုလုပ်သည့် **“၂၀၂၃ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့ အခမ်းအနား”** သို့ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ် တက်ရောက်ခဲ့ပါသည်။

## 75th UDHR Campaign များ ဆောင်ရွက်ရေး ညှိနှိုင်းကြီးကြပ်ရေးကော်မတီ အစည်းအဝေးကျင်းပခြင်း



ဇူလိုင်လ ၇ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၌ ၇-၇-၂၀၂၃ ရက်နေ့၊ ၁၃:၀၀ နာရီ အချိန်တွင် ကော်မရှင်ရုံး Conference Room ၌ 75th UDHR Campaign များဆောင်ရွက်ရေး ညှိနှိုင်းကြီးကြပ်ရေး ကော်မတီအဖွဲ့ အစည်းအဝေးကို ကျင်းပဆောင်ရွက်ခဲ့ရာ အဖွဲ့ခေါင်းဆောင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ အဖွဲ့ဝင်များဖြစ်ကြသော ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်၊ ဒေါက်တာမြင့်သူမြိုင်၊ ဦးကျော်မြင့်၊ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ်၊ တွဲဖက်အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် 75th UDHR Campaign များဆောင်ရွက်ရေးညှိနှိုင်းကြီးကြပ်ရေးကော်မတီ အဖွဲ့ခေါင်းဆောင် ဒေါက်တာသန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများမှ (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်တေးသီချင်း စပ်ဆိုနိုင်ရေး၊ အချိန်မီပြီးစီးနိုင်ရေးနှင့် သီချင်းစာသားများတွင် လူ့အခွင့်အရေး စကားလုံးများနှင့် သက်ဆိုင်သည့်ကိစ္စရပ်များ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း တိုင်းရင်းသား ဘာသာစာအုပ်များ (လော်ဝေါ်ဘာသာနှင့် နာဂဘာသာ) ပုံနှိပ်ထုတ်ဝေနိုင်ရေးကိစ္စရပ်များ၊ ဆောင်းပါး Logo ပြိုင်ပွဲကိစ္စရပ်များနှင့် Website နှင့် Mobile appများတွင် သတင်းများ၊ ဗွီဒီယိုဖိုင်များတင်နိုင်ရေး ဆောင်ရွက်ရန်ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေး ဆုံးဖြတ်ခဲ့ကြပါသည်။ အစည်းအဝေးအား ၁၅:၀၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## Digital Mapping Training နှင့် Artificial Intelligence (AI) နည်းပညာအကြောင်း သိကောင်းစရာ သင်ကြားပို့ချခြင်း



ဇူလိုင်လ ၂၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးလုပ်ငန်းများ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေအား Digital Mapping ဖြင့် ဖော်ပြနိုင်ရန် ရည်ရွယ်၍ Digital Mapping Training နှင့် Artificial Intelligence (AI) နည်းပညာအား အသုံးပြု၍ မိမိတို့လုပ်ငန်းအတွက် အကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ Artificial Intelligence (AI) နည်းပညာအကြောင်း သိကောင်းစရာတို့အား ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်မှ ၂၅-၇-၂၀၂၃ ရက်နေ့ နေ့လယ် ၁၃:၃၀ နာရီအချိန်တွင် ကော်မရှင်ရုံး Conference Room ၌ သင်ကြား ပို့ချပေးခဲ့ရာ ကော်မရှင်ရုံးဝန်ထမ်း အရာထမ်း၊ အမှုထမ်း ၂၀ ဦး တက်ရောက်ခဲ့ကြပါသည်။



# တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း


လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၃ ခုနှစ်၊ ဇွန်လအတွင်း တိုင်တန်းချက် (၂၃) စောင်၊ မေလ လက်ကျန် (၉) စောင်၊ စုစုပေါင်း (၃၂) စောင် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၅) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် (၄) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့လည်းကောင်း၊ တိုင်တန်းချက် (၃) စောင်ကို ကာယကံရှင်ထံသို့လည်းကောင်း အကြံပြုပြန်ကြားခဲ့ပြီး တိုင်တန်းချက် (၂၀) စောင်ကို ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ခ) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ဂ) အရလည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၇ (ခ) အရလည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီ၍လည်းကောင်း၊ စောင့်ဆိုင်းအနေဖြင့်လည်းကောင်း မှတ်တမ်းထားရှိခဲ့ပါသည်။ ဇွန်လတွင် တိုင်တန်းချက်လက်ကျန် (၅) စောင် ရှိပါသည်။

---

## ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း

အပိုဒ် ၅

မည်သူ့ကိုမျှ ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော၊ လူ့သိက္ခာ ညှိုးနွမ်းစေသော ပြုမူဆက်ဆံခြင်း သို့မဟုတ် အပြစ်ဒဏ်ပေးခြင်း မပြုရ။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် တင်ဒါကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၃) ကျင်းပခြင်း

ဇူလိုင်လ ၁၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၏ တင်ဒါကော်မတီအစည်းအဝေးအမှတ်စဉ် (၂/ ၂၀၂၃) ကို ၁၇-၇-၂၀၂၃ ရက်နေ့တွင် Conference Room ၌ ကျင်းပခဲ့ရာ တင်ဒါကော်မတီ ဥက္ကဋ္ဌ ဦးတင်အောင်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်၊ ဒေါက်တာတင်မောင်မောင်သန်း၊ ကော်မတီအတွင်းရေးမှူး ဦးဘုန်းကြွယ်၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာခိုင်ခိုင်ဝင်း၊ ဝယ်ယူဝန်ဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူး ဦးသူရကျော်နှင့် အဖွဲ့ဝင်များ၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ထက်စိုးနှင့် အဖွဲ့ဝင်များ၊တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ကော်မတီ ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ တင်ဒါလုပ်ထုံးလုပ်နည်းများ၊ စာပုံနှိပ်ခြင်းဆိုင်ရာ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လုပ်ငန်းများဆောင်ရွက်နိုင်ရေး အတွက် သက်ဆိုင်ရာအဖွဲ့ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များက တင်ပြဆွေးနွေးခဲ့ကြပြီး ၁၅:၀၀ နာရီအချိန်တွင် အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

## ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း



ဇူလိုင်လ ၂၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများအား တွေ့ဆုံဆန္ဒဖော်ထုတ်ခြင်း အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့ ၁၃:၀၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်သော နေပြည်တော်၊ မန္တလေး၊ စစ်တွေနှင့် ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများက ဖြည့်စွက်ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံဆန္ဒ ဖော်ထုတ်ခြင်း အခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း (၈၂) ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၅:၂၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ကော်မရှင်ရုံးဝန်ထမ်းများအတွက် မြန်မာနိုင်ငံဆီကုန်သည်ကြီးများအသင်းမှ စားအုန်းဆီ သက်သာဈေးနှုန်းဖြင့် လာရောက်ရောင်းချခြင်း

ဇူလိုင်လ ၂၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ကော်မရှင်ရုံး ဝန်ထမ်းများအတွက် မြန်မာနိုင်ငံဆီကုန်သည်ကြီးများအသင်းမှ စားအုန်းဆီများ သက်သာသောဈေးနှုန်းဖြစ်သော တစ်ပိဿာလျှင် (၄၄၅၀) ကျပ်နှုန်းဖြင့် လာရောက်ရောင်းချခြင်းကို ၂၈-၇-၂၀၂၃ ရက်နေ့တွင် ဆောင်ရွက်ခဲ့ရာ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးဝန်ထမ်းစုစုပေါင်း (၁၁၇) ဦးက စားအုန်းဆီပိဿာချိန်စုစုပေါင်း (၄၀၀) ဝယ်ယူခဲ့ပါသည်။



## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာသွားရောက်ပို့ချ



ဇူလိုင်လ ၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသော အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း၊ အမှတ်စဉ် (၁၀၁) သို့ ၄-၇-၂၀၂၃ ရက်နေ့၊ ၀၈:၀၀ နာရီအချိန်မှ ၁၁:၅၀ နာရီအချိန်ထိ ကလေးသူငယ်အခွင့်အရေးဆိုင်ရာဘာသာရပ် သင်ခန်းစာသွားရောက် ပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းတွင် ဆရာ၊ ဆရာမများ စုစုပေါင်း သင်တန်းသားဦးရေ (၄၈၈) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ပြန်လည်ဖြေကြားခဲ့ပါသည်။

---

## တရားမျှတမှုလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးခြင်း

ဇူလိုင်လ ၁၈ ရက်

တရားမျှတမှုလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီတွင် မြန်မာနိုင်ငံအမျိုးသားလူ့ အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်အဖြစ် ဥပဒေရေးရာဌာနမှ ညွှန်ကြားရေးမှူးက ပါဝင် ဆောင်ရွက်လျက်ရှိပြီး ၁၈-၇-၂၀၂၃ ရက်နေ့တွင် ဥပဒေရေးရာဝန်ကြီးဌာန၊ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် "**တရားမျှတမှုလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းဆိုင်ရာ ညှိနှိုင်း အစည်းအဝေး**" သို့ တက်ရောက် ဆွေးနွေးခဲ့ပါသည်။

---

## အကျဉ်းဦးစီးဌာန၊ ရုံးအမှတ် (၄၉) နေပြည်တော်တွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချ

ဇူလိုင်လ ၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေး အတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိသည့်



နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် အကျဉ်းဦးစီးဌာန၊ ရုံးအမှတ် (၄၈) နေပြည်တော်တွင် ဖွင့်လှစ်လျက်ရှိသော ဒုတိယကြီးကြပ်ရေးမှူးသင်တန်းအမှတ်စဉ် (၁၄) ၌ ၅-၇-၂၀၂၃ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၆:၀၀ နာရီ အချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ သင်တန်းတွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့် သင်ခန်းစာများကို ပို့ချခဲ့ပါသည်။

သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ (၅၀) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ပြန်လည်ဖြေကြားခဲ့ပါသည်။

## သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (မရမ်းကုန်း) တွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချ



ဇူလိုင်လ ၁၇ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏လူ့အခွင့်အရေးအသိပညာမြင့်မားလာစေရေးအတွက် သတင်း အချက် အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် မရမ်းကုန်းမြို့နယ်ရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာတွင် ဖွင့်လှစ်လျက်ရှိသော သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူ (Care giver) သင်တန်းအပတ်စဉ် (၁၄) ၌ ၁၇-၇-၂၀၂၃ ရက်နေ့၊ ၀၉:၀၀ နာရီအချိန်မှ ၁၂:၀၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် လူ့အခွင့်အရေးအခြေခံအယူအဆ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းနှင့် သက်ကြီးရွယ်အို အခွင့်အရေးများ စသည့် သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ (၁၉) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ပြန်လည်ဖြေကြားခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ နေပြည်တော်ရုံးခွဲမှ အရာထမ်း/ အမှုထမ်းများ ပြည်ထောင်စုနယ်မြေ၊ ၂၀၂၃ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း

ဇူလိုင်လ ၇ ရက်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၇-၇-၂၀၂၃ ရက်နေ့၊ ၀၇:၃၀ နာရီအချိန် ပြည်ထောင်စုနယ်မြေနေပြည်တော်လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ်၊ ရန်အောင်မြင်ကြိုးဝိုင်း၊ အကွက်အမှတ် (၁၄) တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုနယ်မြေ၊ ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ

အခမ်းအနားကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ နေပြည်တော်(ရုံးခွဲ)မှ အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားသို့ (နေပြည်တော်) ရုံးခွဲမှ အရာထမ်း/အမှုထမ်းက သတ်မှတ်နေရာများတွင် သစ်ပင်များ စိုက်ပျိုးပေးခဲ့ကြပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ နေပြည်တော်ရုံးခွဲမှ အရာထမ်း/ အမှုထမ်းများ ပြည်ထောင်စုနယ်မြေ၊ ၂၀၂၃ ခုနှစ်၊ (ဒုတိယအကြိမ်) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း

ဇူလိုင်လ ၂၈ ရက်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၂၈-၇-၂၀၂၃ ရက်နေ့၊ ၀၇:၀၀ နာရီအချိန် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဒက္ခိဏသီရိမြို့နယ်၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရဝုဏ်အတွင်း ကျင်းပပြုလုပ်သည့် ၂၀၂၃ ခုနှစ် (ဒုတိယအကြိမ်) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး၊ နေပြည်တော်(ရုံးခွဲ) မှ အရာထမ်း/အမှုထမ်း များ တက်ရောက်ခဲ့ကြပါသည်။




အဆိုပါအခမ်းအနားသို့ နေပြည်တော် (ရုံးခွဲ) မှ အရာထမ်း/အမှုထမ်းက သတ်မှတ်နေရာများတွင် သစ်ပင်များစိုက်ပျိုးပေးခဲ့ပါသည်။

"The rights of every man are dimished when the rights of one man are threatened."

"လူတစ်ဦးတစ်ယောက်၏ အခွင့်အရေးများ ခြိမ်းခြောက်ခံရသောအခါ လူတိုင်း၏ အခွင့်အရေးများ လျော့နည်းသွားသည်။"

John F. Kennedy (1917– 1963)

# ကဗျာကဏ္ဍ


## အမျိုးသမီးအခွင့်အရေး လေးစားပေး

အမျိုးသမီးများအား ဖေးကူလို့
နည်းမျိုးစုံဖြင့် ဆောင်ရွက်စို့
ပညာရေးနှင့် ကျန်းမာရေး
အားလုံးတန်းတူ ဖြစ်စို့လေး
အလုပ်ခန့်ထားကိစ္စများ
စံတစ်ခုထား သုံးစို့လား
ခွဲခြားဆက်ဆံ မပြုရေး
အားလုံးဝိုင်းဝန်း ဆောင်ရွက်ပေး
ထိမ်းမြားလက်ထပ် ကိစ္စတွေ
တန်းတူအခွင့်အရေး ရဖို့လေ
လေးစား၊ ကာကွယ်၊ ဖြည့်ဆည်းမယ်
အစိုးရ၏ တာဝန်ကွယ်
အခွင့်အရေးအားလုံး ညီမျှဖို့
ဝိုင်းဝန်းကူညီကြပါစို့......။

ရဲရင့်

# ENGLISH SECTION

## Myanmar National Human Rights Commission attends the Second Technical Working Group Meeting of the Southeast Asia National Human Rights Institutions Forum




July 20

The Second Technical Working Group Meeting of the Southeast Asia National Human Rights Institutions Forum (SEANF) was held in a hybrid format by the National Human Rights Commission of Thailand, the alternate chair of the Forum, from 19 to 20 July, 2023 in Bangkok, Thailand.

Representatives from SEANF member National Human Rights Institutions, namely Human Rights Commission of Malaysia (SUHAKAM), Commission on Human Rights of the Philippines (CHRP), National Human Rights Commission of Thailand (NHRCT), and Provedor for Human Rights and Justice of Timor–Leste (PDHJ), attended the meeting in person. Meanwhile, representatives from the Indonesian National Commission on Human Rights (Komnas HAM) and U Hla Myint, the Chairman of the Myanmar National Human Rights Commission (MNHRC), Vice–Chairman Dr. Nanda Hmun, Commissioners U Paw Lwin Sein, Dr. Than Myint and Dr. Tin Maung Maung Than, Deputy Director–General of the MNHRC's Office, Director of International Relations Division and staff joined the meeting via videoconferencing.

During the meeting, various topics were discussed, including the adoption of the report of the 1st TWG Meeting 2023, updates on major developments and activities since the 1st TWG meeting 2023, updates from SEANF members regarding the implementation of the 2022–2026 SEANF Strategic Plan, in which they have taken as a lead of respective priority area, updates on the activities between SEANF and AICHR, ASEAN Dialogue in Realizing Southeast Asia as a Torture–Free Region in December 2023,

Regional Workshop on Business and Human Rights in ASEAN in 2024, ASEAN Environmental Rights Framework, engaging with World Justice Project (WJP) and preparation towards the 20th SEANF Annual Conference 2023 and side-event activities.

At the meeting, Commissioner Dr. Than Myint discussed the major developments and activities of MNHRC on promotion and protection of human rights since the 1st TWG meeting 2023. Additionally, Deputy Director-General of the MNHRC office Dr Khine Khine Win shared updates on the MNHRC's implementation of "Priority 2: Promote and protect human rights in business" under the SEANF Strategic Plan (2022-2026).

The meeting reached an initial agreement to hold the 20th SEANF Annual Conference and side-event activities in November 2023.

## MNHRC Conducts Human Rights Awareness Training No. (1/2023)



July 10

The Myanmar National Human Rights Commission conducted the opening ceremony of the awareness training No. (1/2023) about the Universal Declaration of Human Rights at the conference room at 10:00 am on July 10 2023 in accordance with the Covid-19 terms and conditions. At the ceremony, the Chairperson, Commissioners, Director General, Deputy Director General, Directors, and the training attendees from the commission office attended. U Hla Myint, Chairperson of the Myanmar National Human Rights Commission, delivered an opening remark at the ceremony: “This year, 2023, marks the 75th anniversary of the Universal Declaration of Human Rights and the activities to raise awareness about human rights are conducted in priority. The Universal Declaration of Human Rights was adopted by the United Nations in 1948, and various 'International Conventions' have been signed in different sectors. In this era of information technology, new and more comprehensive 'rights' are being developed in line with the changing times and gaining greater prominence. Therefore, as staff of our commission, we must continually monitor and address the evolving challenges, while aligning our understanding of human rights with contemporary concepts and reasons."

The course conducted with 35 participants, used both online and face-to-face systems including staff from the Commission's branch offices, and the course last for two days. Similarly, more human rights education courses are about to be conducted.



## Ceremony of Myanmar Women's Day

July 3

A Commissioner, Daw Nu Nu Yin, upon an invitation by the Ministry of Social Welfare, Relief and Resettlement, attended **"2023 Myanmar Women's Day Ceremony"** at MICC–2 in Nay Pyi Taw on 3 July 2023.

## MNHRC Gives Human Rights Lecture at Civil Service Academy (Lower Myanmar)



July 4

Myanmar National Human Rights Commission is striving for promoting public awareness of human rights through the provision of information and education by all means as much as possible under Section 22 (a) of the Myanmar National Human Rights Commission Law and is also gearing itself up for more activities of human rights promotion and education on the 75th anniversary of Universal Declaration of Human Rights.

Dr Khine Khine Win, Deputy Director General, gave the lecture on Child Rights at the Special Refresher Course for Basic Education Teachers No. (101) held at the Civil Service Academy (Lower Myanmar) on 4 July 2023 from 8:00 am to 11:50 am. After that the lecturer answered the questions asked by the trainees. A total of 488 teachers from the Department of Basic Education (DBE) attended.

## Attending "The Coordinating Meeting of the Union Coordinating Body for Justice Sector Affairs"

July 18

A Director of the Legal Affairs Division participated as a representative of the Myanmar National Human Rights Commission in the Union Coordinating Body for Justice Sector Affairs. A Director attended and discussed "The Coordinating Meeting of the Union Coordinating Body for Justice Sector Affairs" at the Ministry of Legal Affairs, Nay Pyi Taw on 18 July 2023.

## MNHRC Gives Human Rights Lecture at the Prison Department (Naypyidaw)

July 5

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Daw Mi Mi Khaing, Deputy Director, gave lectures on human rights at Deputy Superintendent Supervisor Course No. (14) held at the Prison Department Office No. (49) Naypyidaw on 5 July 2023 from 12:00 pm to 4:00 pm. In doing so, Deputy Director Daw Mi Mi Khaing delivered the lectures on Human Rights Concept,

Universal Declaration of Human Rights, Myanmar National Human Rights Commission and its Activities. After that the lecturer answered the questions asked by the trainees. A total of 50 officers attended the above-mentioned course.



## MNHRC Gives Human Rights Lecture at Elderly Day Care Center (Mayangone)



July 17

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Daw Mi Mi Khaing, Deputy Director, gave lectures at the Caregiver for Elders Course No. (14) held at the elderly day care center (Mayangone) on 17 July 2023 from 9:00 am to 12:00 pm. In doing so, The Deputy Director Daw Mi Mi Khaing, delivered the lectures on Human Rights Concept, Universal Declaration of Human Rights and Older Person's Rights. After that the lecturer answered the questions asked by the trainees. A total of 19 trainers attended the above-mentioned course.

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁၆၅၄၆၇၀

Website: https://mnhrc.org.mm

**နေပြည်တော် (ရုံးခွဲ)**

သဇင်လမ်းနှင့် ဇော်ဂျီ
လမ်းထောင့်၊ရွှေကြာပင်ရပ်ကွက်၊
ဇမ္ဗူသီရိမြို့နယ်။
ဖုန်း- ၀၆၇၃၄၃၂၅၉၅

**မန္တလေး (ရုံးခွဲ)**

ကမ်းနားလမ်း၊ ၃၄ လမ်းနှင့်
၃၅ လမ်းကြား၊ ဒေးဝန်းအနောက်
ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊
မန္တလေးမြို့။
ဖုန်း-၀၉၅၃၄၃၆၅၀

**စစ်တွေ (ရုံးခွဲ)**

ရခိုင်ပြည်နယ် အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊
ပြည်နယ်ရုံး၊ စစ်တွေမြို့။
ဖုန်း-၀၉၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**

အမှတ် (၁၃) ရပ်ကွက်၊
မဟာစေတီလမ်းမကြီး၊
မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
ဖုန်း- ၀၄၂၂၉၃၂၇

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e-government@mnhrc.org.mm